# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကထုတ်ပြန်ခဲ့သည့်အမိန့်ကြော်ငြာစာများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
အမိန့်ကြော်ငြာစာ
အမှတ်၊ ၅ /၂၀၁၄
၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်
(၂၀၁၄ ခုနှစ်၊ မတ်လ ၃ ရက်)

ကျန်းမာရေးဝန်ကြီးဌာနသည် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (ဃ) နှင့် ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ခ) တို့အရ အပ်နှင်းသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါအမိန့်ကို ထုတ်ပြန်လိုက်သည်။

**ဆေးလိပ်သောက်ခွင့်မရှိသော နေရာကိုဖော်ညွှန်းသည့် စာတန်းနှင့်အမှတ်အသားများကို သတ်မှတ်သည့် အမိန့်**

၁။ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ ပုဒ်မ ၆ နှင့် ၇ ပါ ဆေးလိပ်သောက်ခွင့်မရှိသော နေရာ၏တာဝန်ခံပုဂ္ဂိုလ်သည် မိမိနှင့်သက်ဆိုင်သော နေရာရှိလူအများ မြင်သာသည့်နေရာ၌ ဆေးလိပ်သောက်ခွင့်မရှိသောနေရာကို ဖော်ညွှန်းသည့် အောက်ပါစာတမ်းအမှတ်အသားနှင့် ဆိုင်းဘုတ်ကို ချိတ်ဆွဲထားရမည် -

" ဆေးလိပ်သောက်ခွင့်မရှိသောနေရာ "
ဖောက်ဖျက်ပါက ဥပဒေအရ အပြစ်ပေးခြင်း ခံရမည်။
" NO-SMOKING AREA "
Penalties Apply



၂

၂။ အထက်အပိုဒ် ၁ တွင် ဖော်ညွှန်းသည့် စာတမ်းအမှတ်အသားနှင့် ဆိုင်းဘုတ်သည် -
(က) အလျား ၁၈ လက်မ၊ အနံ ၁၂ လက်မအောက် မငယ်သောအရွယ်အစား ဖြစ်ရမည်။
(ခ) အောက်ခံအဖြူရောင်ပေါ်တွင် **"ဆေးလိပ်သောက်ခွင့်မရှိသောနေရာ"** ဆိုသည့် စာသားကို အနက်ရောင်ဖြင့် ထင်ရှားစွာရေးသားရမည်။
(ဂ) မီးညှိထားသည့် စီးကရက်ဆေးလိပ်ပုံ ပါရှိသောစက်ဝိုင်းနှင့် ကန့်လန့်ဖြတ်မျဉ်းကို အနီရောင်ဖြင့် ချယ်၍ ရေးသားရမည်။

၃။ တာဝန်ခံပုဂ္ဂိုလ်သည် အမိန့် အပိုဒ် ၁ နှင့် ၂ တို့ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ ပုဒ်မ ၁၆ အရ အရေးယူခြင်းခံရမည်။

၄။ မည်သူမဆို ဆေးလိပ်သောက်ခွင့်မရှိသော နေရာတစ်ခုခုတွင် ဆေးလိပ်သောက်ခြင်း သို့မဟုတ် မီးညှိထားသည့် ဆေးလိပ် ကိုင်ဆောင်ထားခြင်းပြုပါက ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ ပုဒ်မ ၁၇ အရ အရေးယူခြင်းခံရမည်။

(ဒေါက်တာဖေသက်ခင်)
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ ၄မခ(ဃ) ၂၀၁၄ /၃၁၄၁
ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ မတ်လ(၃)ရက်
**ဖြန့်ဝေခြင်း**
၁။ နိုင်ငံတော်သမ္မတရုံး
၂။ နိုင်ငံတော်သမ္မတဦးစီးရုံး
၃။ ဒုတိယသမ္မတ(၁)ဦးစီးရုံး
၄။ ဒုတိယသမ္မတ(၂)ဦးစီးရုံး
၅။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
၆။ ပြည်ထောင်စုလွှတ်တော်ရုံး
၇။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

**ဆေးလိပ်သောက်ခွင့်မရှိသောနေရာကိုဖော်ညွှန်းသည့်စာတန်းနှင့်အမှတ်အသားများကိုသတ်မှတ်သည့်အမိန့်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
အမိန့်ကြော်ငြာစာ
အမှတ်၊ ၆ /၂၀၁၄
၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်
(၂၀၁၄ ခုနှစ်၊ မတ်လ ၃ ရက်)

ကျန်းမာရေးဝန်ကြီးဌာနသည် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (ဂ)နှင့် (ဃ)၊ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ခ) တို့အရ အပ်နှင်းသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါအမိန့်ကို ထုတ်ပြန်လိုက်သည်။

**ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာ၌ စီမံထားရှိရမည့် လိုအပ်ချက်များ သတ်မှတ်သည့် အမိန့်**

၁။ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ ပုဒ်မ ၇ ပါ ဆေးလိပ်သောက်ခွင့်မရှိသော နေရာ၏တာဝန်ခံပုဂ္ဂိုလ်သည် မိမိနှင့်သက်ဆိုင်သော နေရာရှိလူအများ မြင်သာသည့်နေရာ၌ ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာကို ဖော်ညွှန်းသည့် အောက်ပါစာတမ်းအမှတ်အသားနှင့် ဆိုင်းဘုတ်ကို ချိတ်ဆွဲထားရမည် -

" ဆေးလိပ်သောက်ခွင့်ရှိသောနေရာ "
" DESIGNATED SMOKING AREA "
ဤနေရာမှ ကျော်လွန်၍ ဆေးလိပ်မသောက်ရ။
ဆေးလိပ်သောက်ပါက ဥပဒေအရ အပြစ်ပေးခြင်း ခံရမည်။
" NO-SMOKING BEYOND THIS POINT "
Penalties Apply

၂

**"ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေပါသည်။"**
**Smoking is dangerous to health.**



၂။ အထက် အပိုဒ် ၁ တွင် ဖော်ညွှန်းသည့် စာတမ်းအမှတ်အသားနှင့် ဆိုင်းဘုတ်သည် -
(က) အလျား ၁၈ လက်မ၊ အနံ ၁၂ လက်မထက် မကြီးသောအရွယ်အစား ဖြစ်ရမည်။
(ခ) အောက်ခံအဖြူရောင်ပေါ်တွင် သတိပေးစာသားကို အနက်ရောင်ဖြင့် ထင်ရှားစွာ ရေးသားရမည်။

၃။ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ (စ) ပါ ခရီးသည် သယ်ယူပို့ဆောင်သော ရထားနှင့်ရေယာဉ်များမှတစ်ပါး အခြားဆေးလိပ်သောက်ခွင့်မရှိသော နေရာ၏တာဝန်ခံပုဂ္ဂိုလ်သည် မိမိနှင့်သက်ဆိုင်သောနေရာတွင် ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာကို အောက်ပါအချက်များနှင့်အညီ စီမံထားရှိရမည် -
(က) အဆောက်အအုံ၏ပြင်ပ၊ အဆောက်အအုံဝင်ပေါက်၊ ပြူတင်းပေါက်များနှင့် အနည်းဆုံး ၁၀ မီတာ အကွာတွင် သတ်မှတ်ပေးခြင်း၊
(ခ) အမိုးအကာမရှိသော နေရာဖြစ်ခြင်း၊
(ဂ) ဆေးလိပ်ငွေ့သည် အနီးပတ်ဝန်းကျင်ရှိ ဆေးလိပ်မသောက်သူများထံသို့ ရောက်ရှိပျံ့နှံ့မှု မရှိနိုင်သော နေရာဖြစ်ခြင်း။

၄။ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ (စ) ပါ ဆေးလိပ်သောက်ခွင့်မရှိသော ခရီးသည်သယ်ယူပို့ဆောင်သော ရထား သို့မဟုတ် ရေယာဉ်များ၏ တာဝန်ခံပုဂ္ဂိုလ်သည် မိမိနှင့်သက်ဆိုင်သော ရထား သို့မဟုတ် ရေယာဉ်တွင် ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာကို အောက်ပါအချက်များနှင့်အညီ စီမံထားရှိရမည် -
(က) သီးသန့်အခန်း သို့မဟုတ် သီးသန့်နေရာဖြစ်ခြင်း၊
(ခ) လေဝင်လေထွက် ကောင်းမွန်ခြင်း၊
(ဂ) ဆေးလိပ်ငွေ့သည် အနီးပတ်ဝန်းကျင်ရှိ ဆေးလိပ်မသောက်သူများထံသို့ ရောက်ရှိပျံ့နှံ့မှု မရှိနိုင်သော နေရာဖြစ်ခြင်း။

**ဆေးလိပ်သောက်ခွင့်ရှိသောသီးသန့်နေရာ၌ စီမံထားရှိရမည့် လိုအပ်ချက်များ သတ်မှတ်သည့်အမိန့်**